mgyoe.com SAMPLE BOOK



# သက်လုံ

## သားငယ်ရွယ်လူး သိစေဦး

ဒေါင်မြင်မြင်းရဲ့ ချို့ဝှက်ချက်

၂

mgyoe.com

mgyoe.com SAMPLE BOOK



ဘဝမှာ အောင်မြင်ဖို့ ဆိုရင် သားငယ် ပထမဆုံး အာရုံပြုရမှာက ငွေကြေးတွေ၊ အိမ်တွေ၊ မြေတွေ၊ ကားတွေ၊ အခြွေအရံတွေ စတာတွေကို ပိုင်ဆိုင်ရမယ်လို့ မဖြစ်သင့်ဘူး။ ငါဟာ အကျင့်စာရိတ္တအားဖြင့် သူများက စံထားရအောင် ကောင်းမွန်သူ၊ ထကြွလုံ့လရှိသူ၊ ပညာတတ်သူ၊ ဦးဆောင်နိုင်သူ၊ စည်းကမ်းရှိသူ၊ သတ္တဝါတွေအပေါ် မေတ္တာထားနိုင်သူ စသည်ဖြင့် မိမိ ဖြစ်လိုရာရွေးပြီး အဲဒီလို ဖြစ်လာဖို့ ပထမဆုံး အာရုံပြုရမယ်။ အဲဒါကို ပန်းတိုင်ထားပြီး ချီတက် လုပ်ကိုင်ရမယ်။

*အောင်မြင်မှုရဲ့ သော့ချက် မှ*

WISDOM HOUSE

mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

❑ အောင်မြင်တယ် ဆိုတာ သူများကို ပြိုင်ဖို့ မဟုတ်ပါဘူး။ သူများရဲ့ အခြေအနေနဲ့ ကိုယ့်အခြေအနေကို တိုင်းတာကြည့်နေဖို့လည်း မဟုတ်ပါဘူး။ သားငယ် တိုင်းတာကြည့်ရမှာက မနေ့က ကိုယ် ရောက်နေတဲ့ နေရာနဲ့ ဒီနေ့ ကိုယ် ရောက်နေတဲ့ နေရာကို တိုင်းတာကြည့်ရမှာပါ။

*အောင်မြင်ခြင်းရဲ့ လျှို့ဝှက်ချက် မှ*

❑ အခက်အခဲကလေး တွေ့ရင် ရှောင်ပြေးတဲ့ လူဟာလည်း ဘဝတစ်လျှောက်မှာ အခက်အခဲတွေ မတွေ့တော့ဘဲနေမယ်။ သူက အရှောင်အတိမ်း ကောင်းနေပြီကိုး။ မှန်တယ် သားငယ်၊ ဒီလို လူမျိုးဟာ အခက်အခဲတွေကိုလည်း သိပ်မတွေ့တော့ဘူး။ အောင်မြင်မှု အခွင့်အလမ်းတွေကိုလည်း သူ မရတော့ဘူး။ အညတရ အဖြစ်နဲ့ မွေးလာပြီး အညတရ အဖြစ်နဲ့ သေဆုံးသွားရမှာပေါ့လေ။

*အောင်မြင်မှု အခွင့်အလမ်း မှ*

mgyoe.com

mgyoe.com SAMPLE BOOK

❑ အတွေ့အကြုံရင့်ကျက်သူ ဆိုတာ ဘာလဲ။ ဘဝမှာ အခက်အခဲနဲ့ ဒုက္ခတွေကို အထပ်ထပ် ကျော်လွှားလာခဲ့သူကို ခေါ်တာ။ ပြဿနာပေါင်းစုံကို ရင်ဆိုင်ပြီး ဖြေရှင်းခဲ့သူကို ခေါ်တာ။ ဘေးဒုက္ခ ရှောင်သူ၊ ပြဿနာ ရှောင်သူ၊ အခက်အခဲရှောင်သူ တွေဟာ အတွေ့အကြုံ ရင့်ကျက်သူလို့ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး။

*အခက်အခဲကို ရှောင်မပြေးနဲ့၊ ကျော်လွှားပါ* မှ

❑ သားငယ်ဟာ သူ့စိတ်ဓာတ်ကို ကောင်းမွန် ခိုင်မာလာအောင် ကူညီတည်ဆောက် ပေးနေတယ် ဆိုရင် သားငယ်ကိုယ်တိုင်က စိတ်ဓာတ် ကောင်းမွန်ခိုင်မာပြီးသူ ဖြစ်ရမှာပေါ့။ ငါ ပြောသလို လုပ်၊ ငါ လုပ်သလို မလုပ်နဲ့ ဆိုတာမျိုးကတော့ တောင်ပေါ်ကို ဦးဆောင်လို့ မရဘူး။ ချောက်ထဲကိုပဲ အတူတူ တွဲသွားလို့ ရပါတယ်။ ဒါတွေ သားငယ် သိထားပြီးသားပါလေ။

*အရှုံးသမားရဲ့ လက္ခဏာ* မှ

mgyoe.com

mgyoe.com SAMPLE BOOK

WISDOM HOUSE

စာအုပ် ၉၄

# သားငယ်ရှယ်လူး သိစေဦး

## အောင်မြင်ခြင်းရဲ့ လျှို့ဝှက်ချက်

**သက်လုံ**

WISDOM HOUSE

၀၁-၅၄၅၀၃၆၊ ၀၉-၅၀၅-၈၅၃၃၊ ၀၉၄၉-၂၈၈၉၄၈

*wisdomhouse.mm@gmail.com*

mgyoe.com

mgyoe.com SAMPLE BOOK

| | |
|---|---|
| ပထမအကြိမ် | ၁ - ဩဂုတ်လ၊ ၂၀၀၀ ပြည့်နှစ်။ |
| | ၂ - ဒီဇင်ဘာလ၊ ၂၀၀၁ ခုနှစ်။ |
| ပထမအကြိမ် | ၁+၂ နှစ်အုပ်ပေါင်း၊ စာပေလောက၊ |
| | ဇွန်လ၊ ၂၀၀၃ ခုနှစ်။ |
| ပထမအကြိမ် | သီးခြားအတွဲ ၂ Wisdom House |
| | ဇူလိုင်လ၊ ၂၀၁၃ ခုနှစ်။ |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသူ | ဦးမောင်မောင် |
| | Wisdom House စာအုပ်တိုက် |
| | အခန်း ၁၀၁၊ တိုက် ၁၁၉၁-၁၁၉၂၊ |
| | လက်ဝဲမင်းဒင်လမ်း၊ |
| | မေတ္တာညွန့်ရပ်ကွက်၊ |
| | တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးဇော်မြင့်ဝင်း |
| | ကာလာဇုန်ပုံနှိပ်တိုက် |
| | ၁၈၄၊ ၃၁-လမ်း၊ ရန်ကုန်။ |
| မျက်နှာဖုံး | လင်းဝဏ္ဏ |
| တန်ဖိုး | ၁၀၀၀ ကျပ် |

၁၃၁. ၃

သက်လုံ

သားငယ်ရွှယ်လူး သိစေဦး (အောင်မြင်ခြင်းရဲ့ လျှို့ဝှက်ချက်)

/သက်လုံ၊ - ရန်ကုန်၊

Wisdom House စာအုပ်တိုက်၊ ၂၀၁၃။

၁၃၀ စာ၊ ၁၀. ၃ x ၁၆. ၃ စင်တီ။

(၁) သားငယ်ရွှယ်လူး သိစေဦး (အောင်မြင်ခြင်းရဲ့ လျှို့ဝှက်ချက်)

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ❑ | စိစဉ်သူ၏ မေတ္တာစကား | က |
| ၁။ | အောင်မြင်ခြင်းရဲ့ လျှို့ဝှက်ချက် | ၁ |
| ၂။ | အောင်မြင်မှုရဲ့ သော့ချက် | ၈ |
| ၃။ | အောင်မြင်ခြင်း လှေကား | ၁၅ |
| ၄။ | ဒုက္ခမှသည် ကံကောင်းခြင်းဆီ | ၂၂ |
| ၅။ | အောင်မြင်မှု အခွင့်အလမ်း | ၂၉ |
| ၆။ | အခက်အခဲကို ရှောင်မပြေးနဲ့၊ ကျော်လွှားပါ | ၃၆ |
| ၇။ | ဘဝရဲ့ စမ်းသပ်ချက်တွေ | ၄၂ |
| ၈။ | မိမိကိုယ်တိုင် ပြီးပြည့်စုံသူဖြစ်အောင် ကြိုးစားပါ | ၄၉ |
| ၉။ | လူသားဂုဏ်ရည် | ၅၇ |
| ၁၀။ | ယုံကြည်မှု မှတ်တမ်း | ၆၅ |
| ၁၁။ | အတိတ်ကိုငဲ့ အနာဂတ်ဆီလှည့် | ၇၂ |
| ၁၂။ | ပညာရေးနှင့် စွမ်းရည်နယ်မြေ | ၈၀ |
| ၁၃။ | အရှုံးသမားရဲ့ လက္ခဏာ | ၈၇ |
| ၁၄။ | ကြီးမြတ်တဲ့ အချိန် | ၉၅ |
| ၁၅။ | လှေနံဓားထစ်နှင့် တည်ငြိမ်မှု၊ သတ္တိ၊ ပညာ | ၁၀၂ |
| ၁၆။ | အာရောဂျံ ပရမံ လာဘံ | ၁၀၉ |
| ၁၇။ | ကောင်းမြတ်တဲ့ နမူနာ | ၁၁၇ |


mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# စီစဉ်သူ၏ မေတ္တာစကား

ဆရာသက်လုံရဲ့ 'သားငယ်ရွယ်လူးသိစေဦး'ကို လူငယ်လေးတွေ လွယ်လင့်တကူသယ်ဆောင်ဖတ်ရှုနိုင်ရအောင် စာအုပ်တွဲလေးတွဲ ခွဲထုတ်ဝေတဲ့ အစီအစဉ်မှာ အခုစာအုပ်က ဒုတိယအုပ်ပါ။ ပထမတွဲ 'ပျော်စရာအစစ်ရဲ့တည်မှီရာ' မှာတုန်းက ပျော်ရွှင်မှုနဲ့ပတ်သက်တဲ့ ဆောင်းပါးတွေ စုစည်းခဲ့သလို အခုစာအုပ်လေးမှာလည်း 'အောင်မြင်မှု'နဲ့ စပ်လျဉ်းသမျှ စုစည်းတင်ဆက်ထားပါတယ်။ ဆရာသက်လုံက သားငယ်လေးတွေသာမက သမီးလေးတွေအတွက်ပါ ရည်ညွှန်းကြောင်း ဆိုခဲ့တာမို့ လူငယ်လေးတွေ ဒီစာအုပ်တွဲတွေကနေ ဘဝအမြင် ဖြောင့်တန်းနိုင်မယ့်အသိပညာ ရရှိပါစေကြောင်း မေတ္တာ ရည်လိုက်ပါတယ်။

ဆောင်းပါးလေးတွေကို ခေါင်းစဉ်တပ်ပေးတဲ့ ဆရာရဲသျှမ်းနှင့်တကွ ပူးပေါင်းပါဝင်ကူညီကြသူအားလုံးရဲ့ ကျေးဇူးတွေကိုလည်း မှတ်တမ်းပြုရပါတယ်။

ကြည်ရွှန်း
၂၀၁၃ ခုနှစ် မေလ ၂၈ ရက်။



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အောင်မြင်ခြင်းရဲ့ လျှို့ဝှက်ချက်

သားငယ် ...

အောင်မြင်ခြင်း ဆိုတာ လွှားခနဲ ခုန်ပြီး ရောက်သွားတာမျိုးကို ခေါ်လို့ မရဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ လွှားခနဲ မြင့်တက် ပေါ်ထွက်လာတာမျိုးက စန်းပွင့်တာ ဖြစ်ချင်ဖြစ်ပေမယ့် စစ်မှန်တဲ့ အောင်မြင်ခြင်း မဟုတ်ဘူး။ ကြယ်တံခွန်တွေလို ဘွားခနဲ ပေါ်လာပြီး ခဏအကြာမှာ ပျောက်ကွယ်သွားရတယ်။ ဒါမျိုးကို အောင်မြင်ခြင်းအဖြစ် သားငယ် အားမကျထိုက်ဘူး။ အဲဒါမျိုးဟာ ကံကောင်းတာပဲ ဖြစ်တယ်။

အောင်မြင်ခြင်းဟာ ကံပေါ် မတည်ဘူး သားငယ်။ ဝီရိယပေါ် တည်တယ်။ ဉာဏ်ထက်တောင် ဝီရိယပေါ် လုံးဝတည်တယ်လို့ အဘကတော့ မြင်တာပဲ။ ကံကောင်းတာဟာ ကံကောင်းတာပဲ ဖြစ်လို့ ဘဝရဲ့ အောင်မြင်မှု မဟုတ်ဘူး။ ကံကောင်းမှုပဲ ဖြစ်တယ်။ ကြွေတစ်လက် ကြက်တစ်ခုန် ကံကောင်းတာဟာ ချီးကျူးစရာ ဘာမှ မရှိဘူး။ ဘဝမှာ ချီးကျူးရမှာက ဝီရိယပဲ။ ဝီရိယ ရှိသူကို ချီးကျူးပါ။



mgyoe.com

mgyoe.com
SAMPLE BOOK

ဒါကြောင့် အောင်မြင်ခြင်း ဆိုတာ အဆင့်ဆင့် တိုးတက်လာမှု (ဝါ) တစ်ဆင့်ပြီး တစ်ဆင့် ရှေ့သို့ ရောက်လာမှုကို ခေါ်တာ သားငယ်။ အဲဒီလို အောင်မြင်မှုမျိုးဟာ ဓူဝံကြယ်လို တည်တံ့တယ်။ ဒါမျိုးကို ချီးကျူးရမယ်၊ ဒါမျိုးကို အားကျထိုက်တယ်။

အဲဒီတော့ အောင်မြင်ခြင်းရဲ့ လျှို့ဝှက်ချက်စစ်စစ်က ဘာလဲ ဆိုတော့ 'ရှေ့ကို ရွေ့လျားနေခြင်း' ပဲ သားငယ်။ ပမာဏအားဖြင့် သေးငယ်ချင် သေးငယ်ပါစေ၊ ရှေ့ကို ရွေ့ပြီ ဆိုရင် သားငယ်ဟာ အောင်မြင်နေတာပဲ။ အဲဒီလို ရှေ့ကို ရွေ့လျားမှုကို တိုးတက် ဖြစ်ပေါ်စေတဲ့ စိတ်သဘောထား အမြင်ဟာ အောင်မြင်ခြင်းအတွက် ကြီးစိုးတဲ့ လက်သည် အကြောင်းခံပဲ။

တရွေ့ရွေ့ကလေးပဲ ဖြစ်ပါစေ၊ ရှေ့ကို သွားနေရတာကို ဖြစ်စေမယ်ဆိုတဲ့ သဘောထားအမြင်ကို ထားရှိလိုက်ပြီ ဆိုရင်ပဲ သားငယ်ဟာ အောင်မြင်ခြင်းလမ်းပေါ် တက်ရောက်လာပြီလို့ အဘက ရဲရဲဆိုပါတယ် သားငယ်။ ဒီတော့ ပထမဆုံး ခြေလှမ်းက သားငယ်ရဲ့ ကိုယ်ထဲမှာ အောင်မြင်ချင်တဲ့ စိတ်ဓာတ်တွေ ပြည့်နှက်လာရမယ်။ သားငယ်ဟာ ဘဝမှာ အောင်မြင်ချင်လာရမယ်။

အောင်မြင်တယ် ဆိုတာ သူများကို ပြိုင်ဖို့ မဟုတ်ပါဘူး။ သူများရဲ့ အခြေအနေနဲ့ ကိုယ့်အခြေအနေကို တိုင်းတာကြည့်နေဖို့လည်း မဟုတ်ပါဘူး။ သားငယ် တိုင်းတာကြည့်ရမှာက မနေ့က ကိုယ် ရောက်နေတဲ့ နေရာနဲ့ ဒီနေ့ ကိုယ် ရောက်နေတဲ့


mgyoe.com

mgyoe.com


နေရာကို တိုင်းတာကြည့်ရမှာပါ။ မနေ့ကထက် ဒီနေ့ကို တစ်လက်မပဲ ဖြစ်ပါစေ၊ ရောက်နေပါပြီလား။

ဘဝဆိုတာ ဘက်စုံရှိပါတယ်။ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကုသိုလ်ရေး၊ ကိုယ်ကျင့်တရား မြင့်မားရေး၊ သိက္ခာ မြင့်မားရေး၊ အတ္တဟိတ၊ ပရဟိတ စသည်ဖြင့် ဘက်စုံရှိပါတယ်။ အဲဒီဘက်တွေထဲက တစ်ဖက်ဖက်မှာ မနေ့ကထက် ရှေ့ကို တစ်လက်မလောက် ရောက်လာတယ် ဆိုရင်ပဲ သားငယ်ဟာ ရှေ့သို့ ရွေ့လျားနေပါပြီ၊ အားရစရာပါပဲ။

တိုးတက်မှုအတွက် ဆန္ဒရှိလာတယ် ဆိုရင်ပဲ တိုးတက်မှုအတွက် အင်အားရှိလာပြီ ဆိုရမယ် သားငယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဆန္ဒ ဖြစ်ပေါ်လာပြီ ဆိုရင် အားအင်တွေ ထွက်ပေါ်လာရစမြဲပါ။ ဆန္ဒအားကြီးရင် ထွက်ပေါ်လာတဲ့ အင်အားဟာလည်း အားကြီးပါတယ်။ ဆန္ဒကနေ ဇော ဖြစ်လာပြီ ဆိုရင် သားငယ်မှာ လှုပ်ရှားနိုင်မှု စွမ်းအား အပြည့်ရှိနေပါပြီ။

ဇော ဆိုတာ ဘာလဲ။ စားလည်း ဒီစိတ်၊ အိပ်လည်း ဒီစိတ် ဆိုသလို ဖြစ်လာရင် သားငယ်မှာ ဇောကပ်လာပါပြီ။ ဒါဆိုရင် အင်အားတွေ ဘယ်က လာတယ် မသိရပေမဲ့ ပြည့်ပြည့်ဝဝ ဖြစ်ပေါ်လာကြတာပါပဲ သားငယ်။ ဒါတွေ ပြောနေတာ စာတွေ့ မဟုတ်ဘူးနော်။ အဘရဲ့ ဘဝမှာ ကိုယ်တွေ့မို့ ပိုင်ပိုင်ပြောနေတာပါ။

အဘက အခုထက်ထိ စာကျက်တယ်။ စိတ်လေ့ကျင့်မှု လုပ်တယ်။ အဲဒါတွေမှာ ပမာဏ သေးငယ်ချင် သေးငယ်မယ်။


mgyoe.com

mgyoe.com SAMPLE BOOK

ဒါပေမဲ့ ရှေ့ကိုတော့ တရွေ့ရွေ့ သွားနေတာ အမှန်ပဲ။ မနေ့ကနဲ့ စာရင် ဒီနေ့ကို နည်းနည်းရွေ့လျား ရောက်ရှိလာတာ အမှန်ပဲ။ ဒါကြောင့် သားငယ်ကိုလည်း ဒီလို ဖြစ်စေချင်လို့ ပြောနေတာပါ။

သားငယ်က စောဒက တက်ချင် တက်ပေလိမ့်မယ်။ 'ဒီလို နည်းနည်းကလေး ခရီးရောက်လို့ ကြီးမားတဲ့ အောင်မြင်မှုကြီး ဖြစ်လာမှာလား'လို့ စောဒက တက်ချင်မယ်။ ဒီမှာ သားငယ် ဘယ်လောက်ကြီးတဲ့ ဗိမာန်ကြီးပဲ ဖြစ်ပါစေ၊ အုတ်ကို တစ်ချပ်ချင်းစီပြီး ဆောက်လုပ်ရတာပါ သားငယ်။ မှန်မှန်သာ လှုပ်ရှားပါ။ အချိန်ကျတော့ ကြီးမားတဲ့ အောင်မြင်မှုကြီး (ဝါ) ပြီးစီးမှုကြီး ဖြစ်လာရပါတယ်။ ဒါဟာ မုချပါပဲ သားငယ်။

အောင်မြင်လိုတဲ့ ဆန္ဒ ဖြစ်ပေါ်လာပြီ ဆိုတာဟာ ကိုယ်တွင်းမှာ အောင်မြင်နိုင်တဲ့ စွမ်းအား ရှိနေကြောင်း သက်သေပဲ။ ဒီစွမ်းအား ရှိလို့သာ ဒီစွမ်းအားက စေ့ဆော်လို့ အောင်မြင်ချင်တဲ့ ဆန္ဒ ဖြစ်ပေါ်လာရတာပါ။ သားငယ်မှာသာ အောင်မြင်နိုင်ဖို့ စွမ်းအား မရှိဘူး ဆိုရင် အောင်မြင်ဖို့ ဆိုတဲ့ ရည်မှန်းချက် ဖြစ်ပေါ်လာမှာ မဟုတ်ဘူး။

ဒီအမှန်တရားကို သဘာဝက ဖော်ထုတ် လုပ်ဆောင်ပြနေပါတယ်။ သစ်ပင်ငယ်ကလေးကို ကြည့်ပါ။ သူဟာ အစာကို လိုလားပြီ ဆိုရင် အစာကို ဆွဲငင်ယူဖို့ ဒါမှမဟုတ် အစာဆီကို ရောက်အောင် လှမ်းလင့်ဖို့ စွမ်းအားဟာ သူ့အထဲမှာ ငုပ်လျှိုးတည်ရှိနေပါတယ်။ တိရစ္ဆာန်လောကမှာလည်း ဒီအတိုင်း


mgyoe.com

mgyoe.com 

ပါပဲလေ။ စားသောက်ချင်တဲ့ ဆန္ဒက အစာကို ရှာဖွေ ရယူဖို့ လှုပ်ရှားနိုင်တဲ့ ခွန်အားကို ဖော်ထုတ်လိုက်တာကို ကြည့်ပေါ့။ အဲဒီလိုပဲ သားငယ်၊ လူ့လောကမှာလည်း အောင်မြင်ခြင်းရဲ့ အခြေခံအကြောင်းဟာ တိုးတက်ကောင်းမွန်လာချင်တဲ့ ဆန္ဒပဲ။

လောကမှာ အောင်မြင်ကြတဲ့ လူတွေရဲ့ ဘဝဖြစ်စဉ်ကို ကြည့်ရင် အောင်မြင်ရေးအတွက် စိတ်ညွတ်မှု ရှိကြတာချည်းပဲ ဆိုတာကို တွေ့ရတယ်လို့ သုတေသီတွေက ပြောကြတယ်။

မအောင်မြင်တဲ့ လူတွေကို ကြည့်ရင်လည်း တွေ့ရတာက သူတို့တွေမှာ အောင်မြင်နိုင်တဲ့ စွမ်းအင်တွေ မရှိတာ မဟုတ်ဘူး။ သူတို့မှာ ရှိတဲ့ စွမ်းအင်တွေကို ဖော်ထုတ်ဖို့ စိတ်ညွတ်မှု ဆန္ဒ မရှိကြတာကို တွေ့ကြရတယ်။ ဒါကြောင့် သုတေသီတွေက 'မအောင်မြင်တဲ့ လူတွေဟာ မဖွံ့ဖြိုးသေးတဲ့ လူတွေ ဖြစ်တယ်' လို့ ဆိုကြတာပဲ။ မဖွံ့ဖြိုးသေးဘူး ဆိုတာက မွေးရာပါ စွမ်းအင်တွေကို နှိုးပြီး ဖော်ထုတ်သုံးစွဲဖို့ ပျက်ကွက်တာကို ဆိုလိုတာပဲ။

ဒီအချက်ကို တွေ့ရတော့ ခေတ်ပေါ် စိတ္တဗေဒ ပညာရှင်တွေက ဘာပြောကြသလဲ ဆိုရင် အောင်မြင်သူတွေနဲ့ မအောင်မြင်သူတွေရဲ့ ကွာခြားချက်ဟာ 'ငါ လုပ်ရင် ဖြစ်မယ်' ဆိုတဲ့ သဘောထားကို ထားရှိခြင်းနဲ့ 'ငါ လုပ်လည်း ဖြစ်မှာ မဟုတ်ပါဘူး' ဆိုတဲ့ သဘောထား ကွဲလွဲချက်သာလျှင် ဖြစ်တယ်တဲ့။ 'ငါ လုပ်ရင် ဖြစ်မယ်' ဆိုတဲ့ လူက သူ့မှာရှိတဲ့ စွမ်းအင်တွေကို ရှိမှန်း သိလို့ ဖော်ထုတ် သုံးစွဲတာပဲ ဖြစ်တယ်။ 'ငါ လုပ်လည်း


mgyoe.com

mgyoe.com


ဖြစ်မှာ မဟုတ်ပါဘူး' ဆိုတဲ့ လူကတော့ သူ့မှာ စွမ်းအင်တွေ ကိန်းအောင်းနေမှန်း လုံးဝ မသိလို့ သုံးစွဲဖို့ အိပ်မက်တောင် မမက်ဘူးပေါ့ သားငယ်။ သဘာဝက လူတိုင်းကို စွမ်းအင် အပြည့် ပေးထားတယ်။ အဲဒါကို ဆန္ဒက ဦးဆောင်ပြီး စိတ်ပိုင်း ဖြတ်မှုနဲ့ ဆွဲထုတ်လိုက်ရင် ကိုယ့်ဘာသာ ကိုယ်တောင် မယုံနိုင် လောက်အောင် စွမ်းအင်တွေ ထွက်ပေါ်လာတယ်။

အန္တရာယ် တစ်ခုခုနဲ့ ရုတ်တရက်ကြုံလို့ ထပြေးတဲ့ လူဟာ သူ့မှာ မရှိဘူးလို့ထင်တဲ့ အစွမ်းတွေ ထွက်ပေါ်လာတယ်။ မခုန် နိုင်လောက်တဲ့ အမြင့်ကို ခုန်နိုင်တယ်။ မပြေးနိုင်ဘူးလို့ ထင်တဲ့ အရှိန်နဲ့ ပြေးနိုင်တယ်။ အဲဒါ ရှိနေတဲ့ စွမ်းအင်ကို ဆန္ဒဇောက ဆွဲထုတ်လိုက်တဲ့ သာဓကလေ။

ဒီနေရာမှာ အဘ ပြောချင်နေတာ ကြာလှပြီဖြစ်တဲ့ ကိစ္စ ကို ပြောချင်တယ်။ အဘက အခုလို လက်ရှိ အခြေအနေ့ထက် ·တိုးတက်ကောင်းမွန်တာ ဖြစ်အောင် ထာဝစဉ် ကြိုးစား လုပ် ဆောင်နေရမယ်လို့ ပြောတော့ တချို့က အဘဟာ ရောင့်ရဲ တင်းတိမ်မှု မရှိသူလို့ ပြောကြတယ်။ ရောင့်ရဲတင်းတိမ်မှု မရှိ သူဟာ ပူလောင်တယ် ဘာတယ်ပေါ့ကွယ်။ ဘဝမှာ တိုးတက် အောင်မြင်မှု လိုချင်တာကိုက မှားယွင်းနေသယောင် ပြော ကြတယ်။

ကောင်းပြီ၊ သားငယ်ကို အဘ ပြောမယ်။ တင်းတိမ် ရောင့် ရဲတယ် ဆိုတာ ဘာလဲ။ ကိုယ် မရှိတာကို ငမ်းငမ်းတက် လိုချင် ပြီး ရယူ ပိုင်ဆိုင်လိုခြင်း မရှိရဘူး မဟုတ်လား။ အဘ အခု


mgyoe.com

mgyoe.com


ပြောနေတာကလည်း ကိုယ့်မှာ မရှိတာကို အာသာငမ်းငမ်း ဖြစ်နေဖို့ ပြောနေတာ မဟုတ်ဘူး။ ကိုယ့်မှာ ရှိတာကို အပြည့်အဝ သုံးစွဲဖို့ ပြောနေတာ။ ကိုယ့်မှာ ရှိတဲ့ စွမ်းအင်တွေကို ပြည့်ပြည့်ဝဝ ထုတ်သုံးတာနဲ့ ကိုယ့်မှာ မရှိတာကို တောင့်တနေတာ လုံးဝ မတူဘူး သားငယ်။ အဲ ... ကိုယ့်မှာ ရှိတဲ့ စွမ်းအင်ကို မသိလို့ဘဲ ဖြစ်ဖြစ်၊ သိလျက်နဲ့ ထုတ်သုံးဖို့ ပျင်းရိနေတာပဲဖြစ်ဖြစ် အဲဒါ ရောင့်ရဲတင်းတိမ်ခြင်း မဟုတ်ဘူး။ လူညွှန့်တုံးနေတာ၊ တုန္ဓ ပုရိသ ဖြစ်နေတာ။

အဲဒါ အပျင်းကြီးပြီး ကိုယ့်ဘာသာ ကိုယ် သန္တုဋ္ဌိ ဆိုတဲ့ မင်္ဂလာတရားနဲ့ ညီနေတယ်လို့ ထင်နေတယ်။ ရောင့်ရဲတင်းတိမ်ရမယ် ဆိုတာက ကိုယ့်ရှိတာနဲ့ ရောင့်ရဲရမယ်။ အခု အဘ ပြောနေတာလည်း ကိုယ့်ရှိတာနဲ့ပဲ ရောင့်ရဲပါ၊ ဒါပေမဲ့ ကိုယ့်ရှိတာကိုတော့ ပြည့်ပြည့်ဝဝ ဖော်ထုတ်သုံးစွဲရမှာကိုတော့ မပျင်းပါနဲ့၊ မကြောက်ပါနဲ့လို့ ပြောနေတာ။

ဒီမှာ သားငယ် သေသေချာချာ မှတ်နော်။ ကိုယ့်မှာ ရှိနေတဲ့ စွမ်းအားတွေကို အပြည့်အဝ ထုတ်သုံးပြီး ဘဝမှာ အောင်မြင်အောင် လုပ်နေတာ ရောင့်ရဲတင်းတိမ်မှု မရှိတာနဲ့ ဘာမှမဆိုင်ဘူး၊ လုပ်သင့်လုပ်ထိုက်လို့ လူတိုင်းလုပ်ရမယ့် ကိစ္စသာဖြစ်တယ် ဆိုတာ သားငယ် စွဲစွဲမြဲမြဲမှတ်ပါ။ ရသင့် ရထိုက်တာကို တရားသဖြင့် လုပ်ဆောင်တာပဲ ဖြစ်တယ်။


mgyoe.com

mgyoe.com SAMPLE BOOK

# အောင်မြင်မှုရဲ့ သော့ချက်

သားငယ် ...

အဘဟာ သားငယ်ကို အောင်မြင်သူတစ်ယောက် ဖြစ်စေချင်လွန်းလို့ အောင်မြင်မှု အကြောင်းကို ပြောပြောနေတာ။ တကယ်တော့ မင်းကသာ 'အောင်မြင်မှုအစစ်ဟာ ဘာလဲ' လို့ ပြန်မေးရင် တော်တော်လေး အဖြေရ ခက်မယ်။

ဘာဖြစ်လို့လဲ ဆိုတော့ အောင်မြင်မှုနဲ့ ပတ်သက်လို့ လူတွေဟာ ကိုယ် သန်ရာကို ကိုယ် ဆွဲပြောနေကြလို့ပဲလေ။

တချို့က အောင်မြင်မှု ဆိုတာ လောကီ စီးပွားချမ်းသာကို အမြင့်ဆုံး ပိုင်ဆိုင်ထားနိုင်တဲ့ အခြေအနေကို ခေါ်တာလို့ ပြောတယ်။ တချို့ကတော့လည်း မိမိရဲ့ မျှော်လင့်ချက်တွေ၊ မိမိရဲ့ လိုအင်ဆန္ဒတွေ ပြည့်ဝတာသာလျှင် အောင်မြင်ခြင်းလို့ ဆိုချင်တယ်။ တချို့ကျပြန်တော့ လိုဘ ရှိတဲ့ အဆင့်ကို ရောက်ရှိခြင်း ဒါမှမဟုတ် ကြီးမြတ်တဲ့ အမှုကိစ္စတွေကို ဆောင်ရွက်နိုင်ခြင်းကသာ အောင်မြင်မှုလို့ ဆိုကြပြန်တယ် သားငယ်။



mgyoe.com

mgyoe.com


အဘကတော့ သားငယ် ... အောင်မြင်မှု ဆိုတာကို စောစောက ပြောတဲ့ ငွေကြေးဥာနန္တရ၊ ကျော်စောမှု၊ ကြွယ်ဝမှု ဆိုတာတွေ အားလုံး ပါဝင်နိုင်ပေမယ့် အဲဒါတွေကို ပိုင်ဆိုင်ထားရုံလောက်မှာ ရပ်မထားချင်ဘူး။ တကယ့် အောင်မြင်မှု အစစ်ဟာ ရရှိတယ်၊ စုဆောင်းပါတယ်၊ လောက ကောင်းကျိုးအတွက် ဖြန့်ချိဝေပေးနိုင်တယ်။ ဒီတော့မှသာ အောင်မြင်ခြင်း စစ်စစ်လို့ ခေါ်ချင်တယ်။

ဒါပေမဲ့ မင်းကို အဘ ပြောပြနေတဲ့ အောင်မြင်ခြင်းကတော့ အဲဒီလောက် အစစ်ကြီး၊ အဲဒီလောက် အဆင့်အမြင့်ကြီးကို ပြောပြနေတာ မဟုတ်ပါဘူး သားငယ်။ လူသား တစ်ယောက် အနေနဲ့ ပိုမို ကောင်းမွန်လာရမယ်၊ ပိုမို တိုးတက်လာရမယ်။ ကြံစည်တာတွေ အောင်ပြီး ဆောင်ရွက်တာတွေ ပြီးမြောက်ရမယ်။ ဒါလောက် အောင်မြင်ရင် တော်လောက်ပါပြီ။

ကဲ ... သဘောပေါက်ပြီနော်။

ဒီတော့ ဘဝမှာ အောင်မြင်ဖို့အတွက် ဆက်ပြောမယ်။ ပထမဆုံး အာရုံပြုရမှာက ဘယ်ပစ္စည်းတွေကို ရရမယ်၊ ပိုင်ဆိုင်ထားရမယ် ဆိုတာကို အာရုံမပြုရဘူးနော်။ ငါဟာ ဘယ်လို လူမျိုး ဖြစ်လာရမယ် ဆိုတာကို အရင်အာရုံပြုရမယ်။ နားလည်ပြီလား။ နားမလည်သေးရင် ပိုရှင်းအောင် ပြောပြမယ်။

သားငယ် ပထမဆုံး အာရုံပြုရမှာက ငွေကြေးတွေ၊ အိမ်တွေ၊ မြေတွေ၊ ကားတွေ၊ အခွေအရံတွေ စတာတွေကို ပိုင်ဆိုင်ရမယ်လို့ မဖြစ်သင့်ဘူး။ ငါဟာ အကျင့်စာရိတ္တအားဖြင့်


mgyoe.com

mgyoe.com


သူများက စံထားရအောင် ကောင်းမွန်သူ၊ ထကြွလုံ့လရှိသူ၊ ပညာတတ်သူ၊ ဦးဆောင်နိုင်သူ၊ စည်းကမ်းရှိသူ၊ သတ္တဝါတွေ အပေါ် မေတ္တာထားနိုင်သူ စသည်ဖြင့် မိမိ ဖြစ်လိုရာ ရွေးပြီး အဲဒီလို ဖြစ်လာဖို့ ပထမဆုံး အာရုံပြုရမယ်။ အဲဒါကို ပန်းတိုင် ထားပြီး ချီတက် လုပ်ကိုင်ရမယ်။

အဲဒီလို လှုပ်ရှား လုပ်ကိုင်တော့မယ် ဆိုရင် အရေးကြီးတာ က 'စိတ်'ပဲ ဆိုတာ သိလာရလိမ့်မယ်။ ပထမဆုံး အာရုံပြုပြီး ပိုင်းဖြတ်လိုက်တာကလည်း စိတ်ပဲ မဟုတ်လား။ အဲဒီလို ပိုင်း ဖြတ်ပြီး လှုပ်ရှားတော့မယ် ဆိုရင် ရုပ်ရဲ့ အလုပ် မဟုတ်လား။ လှုပ်ရှား လုပ်ကိုင်တာကတော့ ရုပ်ပါပဲ။ ဒါပေမဲ့ ထိန်းကွပ် ဦးဆောင်ရမှာ စိတ်ပဲ ဖြစ်တယ်။ ဒါကြောင့် စိတ်ဟာ အရေးကြီး တယ်လို့ အဘ ပြောတာပဲ။

လူ့ဘဝမှာ ဖြစ်ပေါ်လာတဲ့ အရာတွေကို ဖြစ်ပေါ်စေတဲ့ အကြောင်းခံတရား လက်သည်ဟာလည်း စိတ်ပဲ သားငယ်။

ဘယ်လို ဖြစ်ပေါ်စေသလဲ ဆိုတာကို ခွဲခြား စိတ်ဖြာကြည့် လိုက်ရင် 'အကြံအစည်' ဒါမှမဟုတ် 'စိတ်ကူး' ဆိုတာကို တွေ့ ရတယ်။ 'စိတ်အကြံ' လို့ ခေါ်ချင်လည်း ခေါ်ပေါ့လေ။

အဲဒီ စိတ်အကြံကို အရင်းခံပြီး လုပ်ကိုင်ဆောင်ရွက်မှု ဆို တာ ဖြစ်တယ်။ လုပ်ကိုင်ဆောင်ရွက်မှုကနေပြီး မိမိရဲ့ အခြေ အနေတွေ ဖြစ်ပေါ်လာရတာပဲ။ မနောကံကနေ ကာယကံ ဖြစ်၊ ကာယကံကြောင့် အခြေအနေတွေ ဖြစ်ပေါ်လာရတယ် ဆိုပါ တော့ သားငယ်။


mgyoe.com

mgyoe.com


စိတ်ထဲမှာ ပထမဆုံး ဘာမှ မဖြစ်ပေါ်ဘဲနဲ့တော့ ဘာအမှုကိုစွမှ ဆောင်ရွက်ပြီးစီးမှာ မဟုတ်ဘူး။ ဒါကြောင့် စိတ်ကူးအကြံ ဆိုတာ အလွန်တရာ စွမ်းအားရှိတဲ့ဟာပဲ။ ပေါ့ပေါ့မတွေးနဲ့၊ သေသေချာချာ တွေးကြည့်နော်။ အဲဒီ စိတ်ကူးအကြံ မနောကံတွေဟာ အကျိုးတရားတွေကို ဖြစ်ပေါ်စေတဲ့ အကြောင်းခံလက်သည်တွေပဲ။ သူတို့ သဘာဝက ကောင်းရင် ကောင်းကျိုးတွေ ဖြစ်ပေါ်စေတယ်။ သူတို့သဘာဝက ဆိုးရင် ဆိုးကျိုးတွေကို ဖြစ်ပေါ်စေတယ်။

ဒါကြောင့် စိတ်စွမ်းအင် ပညာရှင်တွေက ပြောကြတယ်။ စိတ်ကူးအကြံ မနောကံက စွမ်းအင်တွေကို ထုတ်လွှတ်ပေးတယ်တဲ့။ စိတ်ကူးအကြံ ဆိုတာတွေဟာ စွမ်းအား သိုလှောင်ရုံကြီးတွေပဲ တဲ့။ လှုပ်ရှားမှု ကာယကံ အရပ်ရပ်တို့ မူလထွက်ပေါ်ရာပဲပေါ့ကွယ်။

ဒီတော့ စိတ်ကို ဘယ်လို အသုံးချမယ် ဆိုတဲ့ လက်တွေ့အသိပညာဟာ အခြေခံကျကျ အရေးပါလှတယ် ဆိုတာကို သားငယ် သိမြင်လောက်ပြီပေါ့နော်။ တစ်နည်းဆိုရင် စိတ်ကို ဘယ်လို အပြုသဘော သုံးစွဲရမယ် ဆိုတာကို လေ့လာဆည်းပူးပြီး သားငယ်ရဲ့ အစွမ်းတွေကို မှန်မှန်ကန်ကန် အသုံးပြုသွားမယ် ဆိုရင် အဲဒါဟာ အောင်မြင်မှုရဲ့ သော့ချက်ပဲပေါ့ သားငယ်။ သဘောပေါက်ပြီ မဟုတ်လား။

မင်းက ထင်မယ်၊ အောင်မြင်မှုဆိုတာ ပတ်ဝန်းကျင် အခြေအနေတွေပေါ်မှာ မှီတယ်လို့ ထင်မယ်။ ဒီတော့ မင်းရဲ့ ပတ်ဝန်း


mgyoe.com

mgyoe.com


ကျင် ဩကာသ လောကကို မင်း အာရုံပြုပြီး သော့ချက်ကို မွှေနှောက် ရှာဖွေမယ်။ မဟုတ်ဘူး သားငယ်။ မင်းရဲ့ ပတ်ဝန်းကျင်ကို ဆက်သွယ်ပြီး မင်းအတွက် အကျိုးရှိရှိ အသုံးချနိုင်တာက စိတ်ကူးများ ပေါက်ဖွားရာ မင်းရဲ့ စိတ်ပဲ သားငယ်။

လူသားထဲက အံ့ဩစရာ အတွင်းကမ္ဘာကလေး ရှိတယ်။ အဲဒီကမ္ဘာကလေးကို လက်တွေ့အားဖြင့် သိရှိဖို့ မဖြစ်နိုင်ဘူး။ ဒါကြောင့် ဒီကမ္ဘာကလေးထဲ သွားဖူး၊ ရောက်ဖူးခြင်း နည်းပါးလှတယ်။

ဒါပေမဲ့ သုတေသီ ပညာရှင်တွေဟာ အဲဒီကမ္ဘာကလေး ဘယ်နေရာမှာ ရှိလို့ အဲဒီကမ္ဘာကလေးထဲက တိမ်မြုပ်နေတဲ့ ရတနာတွေကို ဘယ်လို ချူယူနိုင်တယ် ဆိုတဲ့ နည်းတွေကို တွေ့ထားကြပြီ။ သူတို့တွေ ပြောပြထားသမျှတွေကို အဘက သားငယ်ကို လက်ဆင့်ကမ်းပေးပါ့မယ်။

လောလောဆယ် အခိုက်အတန့်မှာ သားငယ် သိထားဖို့ကတော့ အဘတို့ရဲ့ စိတ်တွေဟာ ကိုယ်ခန္ဓာထဲမှာ ကွက်ကွက်ကလေး ဖြစ်ပေါ်နေတဲ့ အရာ မဟုတ်ဘူး။ တကယ်တော့ လောကဓာတ် စကြဝဠာကြီး တစ်ခုလုံးမှာ ဖြန့်ကြက် တည်ရှိနေတဲ့ အနန္တမနော ဆိုတဲ့ ဓာတ်ကြီး တစ်ခုရဲ့ အစိတ်အပိုင်းကလေး တစ်ခု ဖြစ်တယ်လို့သာ သိထားပါဦး သားငယ်။ အဲဒါဟာ အဆင့်မြင့် သုတေသီတွေ နောက်ဆုံး သိရှိလာကြတဲ့ အချက်ပဲ။

အဘတို့ ကမ္ဘာကြီးပေါ်မှာ ထွန်းလင်းနေသမျှ အလင်းရောင်တွေဟာ နေမင်းဆီက ဥက္ကဲထွက်လာတဲ့ အရာတွေပဲ


mgyoe.com

mgyoe.com


ဖြစ်တယ်လို့ တင်စားပြောရသလို သားငယ်တို့ အဘတို့ရဲ့ စိတ်ဓာတ်တွေဟာ အနန္တမနော ဆိုတဲ့ စိတ်ဓာတ်ကြီးက ဥက္ကဲ ဖြစ်ပေါ်နေတာပဲ။ မြေပြင်ပေါ်မှာ ကန်ကလေးတွေဟာ ဟိုမှာ ဒီမှာ အများကြီး ရှိတယ် ဆိုပါတော့။ နေထွက်လာတော့ နေရောင်ကို ဟိုကန်ကရော ဒီကန်ကပါ ရောင်ပြန်ဟပ်ကြ တယ်။ ကန်ကလေးတွေက ထင်ကြမယ်။ ဒီအရောင်ဟာ ငါ့ ကိုယ်ပိုင် အရောင်ပဲလို့ ထင်မယ်။ မပိုင်ဘူးလား ဆိုတော့ ပိုင် သင့်သလောက်တော့ ပိုင်တာပေါ့။ ဒါပေမဲ့ တစ်ခုစီ ဖြစ်နေတဲ့ ကြားက တစ်ပြင်ကြီး ဖြစ်နေတဲ့ အလင်းရောင်ပါ သားငယ်။

နည်းနည်းတော့ ခက်တယ်။ ဒါပေမဲ့ စိတ်ထဲမှာတော့ စွဲ သင့်သလောက် စွဲနေအောင် နှလုံးသွင်းထားပါ။

အခု အခိုက်အတန့်မှာ သားငယ် လက်ခံထားဖို့ကတော့ လူသားဟာ ဘာကိုမဆို လုပ်နိုင်တယ်၊ ဘာကိုမဆို ရရှိနိုင်တယ်၊ ဒါပေမဲ့ အဲဒါဟာ သဘာဝ တရားကြီးရဲ့ ဘောင်အတွင်းမှာသာ ဖြစ်တယ်ဆိုတာပဲ သားငယ်။

အဲ ... သဘာဝမှေကြီးကို အဘတို့ ဘယ်လောက် သိထား ပြီးပြီလဲ။

သိပ်ပြီး ဟုတ်တိပတ်တိ သိမထားပါဘူး သားငယ်။ အစွန် အဖျား အချက်အလက်ကလေး နည်းနည်းပါးပါးလောက်သာ သိရသေးတာပါ။ လျှပ်စစ်စွမ်းအား၊ သံလိုက်စွမ်းအားတွေ သိရ ပြီ။ ဒါတွေ သိရတော့ လူဟာ ဘယ်လောက် စွမ်းဆောင်နိုင် ပြီလဲ။ အံ့သြလောက်အောင် စွမ်းဆောင်နိုင်ပါတယ်။ ဒါပေမဲ့


mgyoe.com

mgyoe.com SAMPLE BOOK

ဒါဟာ သဘာဝတရားကြီးရဲ့ အမြင်မှာ အကင်းပဲ ရှိပါသေးတယ် သားငယ်။ သဘာဝတရားကြီးမှာ အဲဒီစွမ်းအင်တွေလိုပဲ အံ့ဩလောက်ဖွယ်၊ လက်ဖျားခါလောက်တဲ့ စွမ်းအင်တွေ အများကြီး ရှိသေးတယ်။ လူသားတွေ ရှာဖွေတွေ့ရှိစရာတွေ အများကြီး ရှိပါသေးတယ်။

သဘာဝတရားကြီးရဲ့ အစွမ်းသတ္တိပိုင်းဟာ ဘောင်ခတ်လို့ မရပါဘူး။ ပြီးတော့ ထုတ်ယူ သုံးစွဲပစ်လိုက်လို့ ကုန်သွားတာ ရယ်လို့လည်း မရှိပါဘူး။ ဒါကြောင့် သဘာဝဓမ္မမှာ မကုန်ခန်းနိုင်တဲ့ အစွမ်းတွေ၊ အကန့်အသတ် မရှိတဲ့ အစွမ်းတွေ၊ လူသားတွေ လုံးဝ မသိရှိသေးတဲ့ အစွမ်းတွေဟာ အများကြီး ရှိသေးတယ် သားငယ်။

စိတ်ရဲ့ စွမ်းအင်ပိုင်းမှာလည်း ဒီလိုပဲ သားငယ်။ အထက်မှာ ပြောခဲ့သလို စိတ်ရဲ့ စွမ်းအင် ဆိုတာ မင်းကိုယ်ထဲမှာ ရှိတဲ့ စိတ် ကွက်ကွက်ကလေးထဲက ထွက်ပေါ်လာတာ မဟုတ်ဘဲ အဲဒီ စိတ်ရဲ့ ပင်ရင်းမိခင်သဖွယ် ဖြစ်နေတဲ့ အနန္တမနောလို့ ခေါ်တဲ့ သဘာဝတရားကြီးထဲက ထွက်ပေါ်လာတာမို့ မကုန်နိုင်သော အစွမ်း၊ အကန့်အသတ် မရှိသော အစွမ်းပါ သားငယ်။


mgyoe.com

mgyoe.com SAMPLE BOOK

# အောင်မြင်ခြင်း လျှောကား

သားငယ် ...

အခု အဘပြောမယ့် စကားကို မင်းဝမ်းထဲက ယုံကြည်ချင်မှ ယုံကြည်မယ်။ ဒါပေမဲ့ အဘက အမှန်တရားကို ပြောမှာပါ။ အဘဟာ သားငယ်ကို ပြောခဲ့သမျှ စကားတွေဟာ အမှန်တွေချည်းပါပဲလေ။ ကဲ ... ဆက်ပြောမယ်။

သဘာဝတရားဟာ လူတိုင်းကို အောင်မြင်စေချင်တာချည်းပဲ။ ကဲ ... မင်း လက်ခံရဲ့လား။ သားငယ် လက်မခံချင်မှ နေရောပဲ။ အမှန်က သဘာဝဟာ သားငယ် အပါအဝင် လူတိုင်းကို ဘဝမှာ အောင်မြင်စေချင်တာပဲ။ သဘာဝတရားရဲ့ နိယာမ အားလုံးဟာ ဒီရည်ရွယ်ချက် ဖြစ်မြောက်ဖို့ ဆင်ထားတယ်လေ။ လူသားဟာ ကြီးမြတ်ဖို့ ဆိုတာ သဘာဝရဲ့ ရည်ရွယ်ချက်ပဲ။ လူသားဟာ စကြဝဠာရဲ့ ကောင်းမွန်မှုတွေ အားလုံးကို အသုံးပြုရုံ၊ အသုံးချရုံတင်မကဘူး၊ ကောင်းမွန်မှု အားလုံးကို ခံစား စံစားဖို့ဟာ သဘာဝရဲ့ ဆန္ဒပဲ။ သဘာဝဟာလေ လူကို ဘာကိုမှ မပေးဘူးရယ်လို့ ငြင်းဆန်ထားတာ မရှိဘူး သားငယ်။



mgyoe.com

mgyoe.com
SAMPLE BOOK

လူဟာလေ ချမ်းသာဖို့ မွေးလာတာပါ။ သာမန် မွေးကာစ ကလေးနှစ်ယောက်ကို သားငယ် နှိုင်းယှဉ်ကြည့်ပါလား။ ကိုယ် အင်္ဂါ အစိတ်အပိုင်းတွေ အားလုံး အတူတူပဲ မဟုတ်လား။ စိတ် ဆိုတာကလည်း နှစ်ယောက်စလုံးမှာ ပါရှိတာပဲ။ ဒီတော့ ကြီး ပြင်းလာတဲ့အခါမှာ တစ်ယောက်က သူဌေးဖြစ်ပြီး၊ တစ်ယောက် က ဆင်းရဲတယ် ဆိုရင် မတူညီတဲ့ ကျင့်ကြံ နေထိုင် တွေးတော မှုကြောင့်သာ ဖြစ်ရမှာပေါ့ သားငယ်။ ဘာလဲ ... မင်းက တစ်ယောက်က ကံမကောင်းလို့လို့ ပြောချင်သေးသလား။ လူမတန်လို့ ကံကို လွှဲချတာပါ သားငယ်။ တကယ်တော့ လူတိုင်း ဟာ ချမ်းသာစွာနေဖို့ မွေးဖွားလာတာပါ။

ဒီတော့ လူမှာ မွေးကတည်းက ပါလာတဲ့ စွမ်းအင်တွေ ဟာ မကုန်နိုင်၊ မခန်းနိုင်အောင်ပဲ ဖြစ်တယ်။ အောင်မြင်ခြင်း လှေကားကို တက်သူတိုင်းအတွက် ကြီးမားတဲ့ ဖြစ်နိုင်ခြေတွေ ဟာ ရှိနေပါတယ်။ သာမန်လူတိုင်းမှာ လုပ်ကိုင်နိုင်မှု စွမ်းရည် တွေ အပြည့်အစုံ ရှိတာချည်းပဲ။ အဲ ... အောင်မြင်ချင်သပ ဆိုရင်တော့ အဲဒီစွမ်းရည်တွေကို တိုးတက်ကောင်းမွန်အောင် လုပ်ပြီး သိပ္ပံနည်းကျ သုံးစွဲဖို့တော့ လိုတယ်။ အဲဒါတွေ အားလုံး ကို သားကို အဘ ပြောပြချင်တယ်။ ဒါကြောင့် ခုချိန်က စပြီး အဘရဲ့ စကားတွေကို သားငယ်က သေသေချာချာ မှတ်မှတ် သားသား နားထောင်ပေတော့။ အဘဟာ ရှေးတုန်းကလို စပ်မိ စပ်ရာ ရောက်တတ်ရာရာတွေ မပြောတော့ဘူး။ သားငယ် သိဖို့ အောင်မြင်ရေး ကိစ္စကို ဇောက်ချ ပြောချင်တယ်။ ဒါကြောင့်


mgyoe.com

mgyoe.com

SAMPLE BOOK

သားငယ်ဟာ အဘရဲ့ စကားတွေကို အလေးအနက်ထားပြီး နားထောင်ပါနော်။

လူဟာ အောင်မြင်ဖို့အတွက် ဖြစ်လာရတာပါ။ လူ့ဘဝဟာ ရခဲတဲ့ ဘဝတစ်ခုပါ သားငယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကြီးပွားရှင်သန်မှု ဆိုတာ လူ့ဘဝရဲ့ ဥပဒေသ ဖြစ်နေလို့ပဲ သားငယ်။ အဆုံး မရှိတဲ့ တိုးတက်မှုအတွက် စွမ်းရည်ဟာ လူတိုင်းမှာ ရှိတယ်လေ။ ဒါကြောင့် ကြိုးစားရင် ဘုရားတောင် ဖြစ်နိုင်တယ်လို့ ရှေးမြန်မာ ဆိုရိုးစကား ရှိခဲ့တာပေါ့။

အရာရာမှာ တိုးတက်ကောင်းမွန်လာဖို့ ဆိုတာ သဘာဝရဲ့ ထာဝရ ရည်ရွယ်ချက်ကြီးပဲ။ ဒီတော့ သဘာဝနဲ့ လိုက်လျောအောင် လုပ်ကိုင်တာဟာ အဲဒီ သဘာဝရဲ့ ရည်ရွယ်ချက်ကို ဖြည့်ဆည်းပေးရာ ရောက်တယ်။ လူဟာ တစ်ဆင့်ပြီး တစ်ဆင့် အောင်မြင်သွားနိုင်ပါတယ်။

သဘာဝရဲ့ လုပ်ငန်းစဉ် အားလုံးဟာ အောင်မြင်မှုအတွက်ချည်း ဖြစ်တယ်။ သဘာဝမှာ မအောင်မမြင် ဖြစ်ပါစေ ဆိုတဲ့ ရည်ရွယ်ချက် မရှိဘူး။ ဒီတော့ ငါတို့ဟာ အောင်မြင်မှုကို ပြည့်ပြည့်ဝဝ လိုချင်သပဆိုရင် သဘာဝဓမ္မကို စံပြုပြီး သူ့နည်းလမ်းတွေအတိုင်း လိုက်လုပ်ကြရမှာပဲ။ ငါတို့ဟာ အောင်မြင်ခြင်းရဲ့ လျှို့ဝှက်ချက် အားလုံးကို သဘာဝဓမ္မတွေရဲ့ မူလ သဘောတရားတွေနဲ့ နိယာမတွေထဲမှာ ဖော်ထုတ် တွေ့ရှိနိုင်တယ်။

လူသားဟာ အဆုံးမရှိတဲ့ ပင်ရင်း စွမ်းအင်တွေကို ကြိုက်သလို သုံးနိုင်တယ်။ လူသားအတွက် ဖြစ်နိုင်ခြေတွေဟာ အကန့်


mgyoe.com

mgyoe.com

SAMPLE BOOK

အသတ် မရှိပါဘူး။ ပညာတွေဟာ လူရဲ့ စိတ်ထဲမှာ စိတ်ကူး အကြံတွေအဖြစ် သန္ဓေတည် ကိန်းဝပ်နေတယ်။ အဲဒီပညာတွေ အကောင်အထည်ပေါ်ဖို့အတွက် လူဟာ စိတ်ကူးထုတ်ရမယ် ပေါ့ သားငယ်။ စိတ်ကူးထုတ်တဲ့ အလေ့အကျင့်ကိုသာ လုပ်ပေး ရင် အသိဉာဏ်ဟာ အံ့ဩလောက်အောင်ပဲ ဖွံ့ဖြိုးလာပါတယ်။ အသိဉာဏ် ဖွံ့ဖြိုးလာပြီ ဆိုရင်လည်း ဘဝရဲ့ ပြဿနာတွေ ပြေလည်ကုန်မယ်။ သဘာဝရဲ့ လျှို့ဝှက်ချက်တွေကို ဖော်ထုတ် တွေ့ရှိမယ်။ ဒါကြောင့်မို့ ပညာရှင်တွေက လောကမှာ မဖြစ်နိုင် စရာ ဘာမှ မရှိဘူးလို့ ပြောကြတာပဲ။ ဒီတော့ စိတ်ကူးထုတ်ရ မှာ မကြောက်ပါနဲ့၊ အစရရင် အမျှင်ဆုံးအောင် လိုက်ပြီး စိတ် ကူး ကြည့်တတ်တဲ့ အကျင့်ကို သားငယ် လုပ်ပေးရမယ်နော်။

ပိုပြီး မြင့်မားတဲ့ လုပ်ကိုင်နိုင်မှု စွမ်းရည်၊ ထူးခြားတဲ့ အရည် အချင်း၊ သာလွန်တဲ့ အမြင်၊ ပိုမိုကြီးမားတဲ့ စွမ်းအင်တွေဟာ လူတိုင်းမှာ အိပ်ပျော်နေသလို ဝင်နေတတ်တယ်။ ဒါတွေကို ဖော်ထုတ် သုံးစွဲနိုင်ဖို့အတွက် စိတ်စွမ်းအင် သုတေသီတွေဟာ လေ့လာနေကြပါတယ်။ သူတို့ တွေ့ရှိသမျှကို အဘက သားငယ် ကို ပြန်ပြီး ပြောပြမှာမို့ သားငယ်ဟာ မှတ်သားဖို့ အသင့်ပြင် ပေတော့။

လူတိုင်းရဲ့ စိတ်ဟာ ကြီးမြတ်မှု ဖြစ်လာအောင် လုပ်နိုင် တာချည်းပဲ။ ဘယ်လို လုပ်ရမလဲ ဆိုတာကို သိဖို့ပဲ လိုတယ် မဟုတ်လား။ ဘဝ ဆိုတဲ့ အခြေအနေအဆင့်ဆင့်မှာ တိုးတက်မှု ရဖို့ အတွက် လူဟာ ကိုယ့်အားကိုယ်ကိုး လုပ်တတ်ရမယ်။


mgyoe.com

mgyoe.com


ကိုယ့်ဘာသာ ကိုယ် ဖော်ထုတ်ရမယ်။ မိမိကိုယ်မိမိ သိရမယ်။ ပြီးတော့ မိမိရဲ့ လုပ်ကိုင်နိုင်မှု စွမ်းရည်ကို စနစ်တကျ သုံးစွဲတတ်ရမယ်။

လေ့ကျင့်မှုက ထက်မြက်မှုကို သေချာစေတယ်။ အသုံးပြုနေခြင်းက ရလဒ်တွေကို ဖြစ်ပေါ်စေတယ်။ ဓားဟာ သွေးနေမှလည်း ထက်တယ်။ ဓားကို သုံးနေမှလည်း အကျိုးပြီးစီးတယ်။ ဒါကြောင့် အောင်မြင်ခြင်း ဆိုတာဟာ လိုလား တက်ကြွတဲ့ စိတ်ဓာတ်တိုင်း လက်လှမ်းမီတဲ့ အရာဖြစ်တယ် သားငယ်။

သားငယ်ဟာ အောင်မြင်ချင်တယ် ဆိုရင် အောင်မြင်နိုင်တာပဲ။ အောင်မြင်နိုင်စရာ လိုအပ်ချက်တွေ အားလုံးဟာ မင်းမှာ ရှိနေပြီပဲ။ အောင်မြင်ခြင်းက အဖြေပြုထားတဲ့ အခြေခံသဘောတရားတွေနဲ့ နိယာမတွေကို မှန်မှန်ကန်ကန် သိပြီး အဲဒီ သဘောတရား နိယာမတွေကို မအောင်မြင်မချင်း မှန်မှန်ကန်ကန် သုံးစွဲသွားဖို့ပဲ လိုတယ်လေ။ ဒါတွေကို သိဖို့အတွက်က အဘရဲ့ တာဝန်ထားပါ။ အဘ သိရှိထားသရွေ့တွေကို သားငယ် သိဖို့ အကုန်လုံး ပြောပြသွားမှာပါ။ သားငယ် ... အဘဟာ သားငယ်ကို အသိဉာဏ် ဆိုတဲ့ အမွေကိုပဲ ပေးနိုင်ပါတယ်။ အသုံးချဖို့ကတော့ သားငယ်ရဲ့ တာဝန်ပဲ။

အောင်မြင်ရေး နိယာမတွေဟာ သင်္ချာနိယာမတွေလိုပဲ တိကျပါတယ်။ အဲဒီ နိယာမတွေကို တိတိကျကျ အသုံးပြုရင် ဘယ်တော့မဆို အကျိုးတရား ဖြစ်ပေါ်လာစမြဲပါ။ အဲဒီ ရလဒ် အကျိုးတရားက စကားပြောတာပဲ မဟုတ်လား။ ပြီးတော့ ဒီ


mgyoe.com

mgyoe.com


နိယာမတွေကို စွဲစွဲမြဲမြဲ စပ်ဟပ် သုံးစွဲသွားရင် ရလဒ်တွေဟာ အဆုံးမရှိ တိုးပွားသွားနိုင်ပါတယ်။ မင်း ရစရာရှိတဲ့ အောင်မြင်မှုအတွက် နိဂုံးဆိုတာ မရှိပါဘူး။ အသေးအဖွဲလေးတွေ ဖြစ်လာနိုင်သလို ကြီးကြီးမားမားတွေဟာလည်း ဖြစ်လာနိုင်ပါတယ်။ အဘ ပြောတာတွေကိုသာ ယုံယုံကြည်ကြည် လိုက်နာ လုပ်ကိုင်စမ်းပါ။

သားငယ်ရဲ့ လက်ရှိ အခြေအနေဟာ ဘာပဲ ဖြစ်နေဖြစ်နေ သားငယ်အတွက် ပိုမိုကောင်းမွန်ပြီး ပိုမိုကြီးကျယ်တဲ့ အနာဂတ်ဟာ ဖြစ်လာဖို့ ရှိနေတာပဲ။ ဒါပေမဲ့ အဲဒီ အနာဂတ်အတွက် သားငယ်ကတော့ အသင့်ပြင်ထားရမယ်နော်။ မင်းကိုယ်မင်း လှုံ့ဆွ မပေးဘဲနဲ့တော့ ပိုမိုကောင်းမွန်ပြီး ပိုမိုကြီးမားတဲ့ဆီကို မင်း မတက်ရောက်နိုင်ပါဘူး။ လေ့လာမှု၊ ကြံစည်မှု၊ ကြိုးပမ်းမှုတွေ လိုအပ်ပါတယ်။ လူငယ်ဖြစ်စေ၊ လူလတ်ဖြစ်စေ တိုးတက်စရာလမ်း ရှိတာချည်းပဲ၊ ရှေ့ကို လှမ်းနေရမယ်။ ရှေ့ကို လှမ်းတာဟာ အောင်မြင်မှုပဲပေါ့ သားငယ်။

ရှေ့ကို လှမ်းနေရမယ် ဆိုတာ သဘာဝရဲ့ နိယာမ တစ်ခုပဲ။ မင်းဟာ ရပ်တန့်ပြီးတော့လည်း မနေနိုင်ဘူး။ နောက်ကိုလည်း ပြန်ဆုတ်လို့ မရဘူး။ အဲ ... မင်းက ဇွတ်လုပ်ပြီး ရပ်နေမယ်၊ နောက်ပြန်ဆုတ်မယ် ဆိုရင်တော့ ခဏလည်း ဖြစ်နိုင်သလို ရာသက်ပန်လည်း ဖြစ်သွားနိုင်တယ်။ နောက်ဆုံးတော့ မင်းဟာ ရှေ့ကို ဆက်သွားရမှာပဲ။ ဒီဘဝမှာ မသွားဘူး ဆိုရင် နောက်ဘဝမှာ သွားရမှာပဲ။ သဘာဝတရားက ရပ်တန့်နေမှု၊


mgyoe.com

mgyoe.com

နောက်ပြန်ဆုတ်မှုကို အားမပေးဘူးလေ။ သံသရာကို ကြည့်ပါလား။

မင်းဟာ လိုလားတောင့်တချက်ကို ရနိုင်ပါတယ်။ ဒါကြောင့် မြင့်မြင့်ကြံပါ၊ ခိုင်ခိုင်တည်ဆောက်ပါ။ မင်းကိုယ်မင်း အောင်မြင်နိုင်မယ်လို့ ထင်ထားသလောက် အောင်မြင်နိုင်ပါတယ်။ ဒါကြောင့် မင်းကိုယ်မင်း အဆင့်မြင့်မြင့် ထင်ထားဖို့ လိုတယ်ပေါ့လေ။

သဘာဝဟာ ကြံထားတာကို ဖြစ်မြောက်အောင် လုပ်ဆောင်နိုင်ပါတယ်။ သားငယ်က သဘာဝရဲ့ အစိတ်အပိုင်း တစ်ခုပါ။ တိုးတက်ချင်တဲ့ စိတ်သာ ရှိပါစေ။ သဘာဝက ဆွဲတင် သွားမှာပဲ။

ကြီးမြတ် အောင်မြင်သွားတဲ့ လူတွေမှာ ရှိတဲ့ လုပ်ကိုင်နိုင်မှု စွမ်းရည်တွေ အားလုံးဟာ သားငယ်မှာ ရှိတာချည်းပါပဲ။ နည်းလမ်းကို သိပြီး လုပ်ဖို့ပဲ လိုတာပါ။


mgyoe.com

mgyoe.com SAMPLE BOOK

# ဒုက္ခမှသည် ကံကောင်းခြင်းဆီ

သားငယ် ...

လောကစံတရား ရှစ်ပါးထဲမှာ သုခံ၊ ဒုက္ခံ ဆိုတဲ့ အတွဲပါတယ် ဆိုတာ သားငယ် သိပြီးသားပါနော်။ အဲဒါ အဘတို့လို လူသာမန်တွေက ဒုက္ခံဆိုတဲ့ လောကစံကို မကောင်းတဲ့ အစိတ်အပိုင်းအဖြစ် ခံယူထားကြတယ်။

ဟုတ်ပါတယ်၊ အများအမြင်မှာတော့ ဒီလိုပဲပေါ့လေ။ ဒုက္ခကြုံရခြင်း ဆိုတာ ဆိုးဝါးတဲ့ သဘောကို ဆောင်တာပဲ။ ဒီတော့ လာဘ်တိတ်ခြင်း၊ အခြွေအရံ ကင်းမဲ့ခြင်း၊ ကဲ့ရဲ့ ရှုတ်ချခံရခြင်း ဆိုတာတွေနဲ့အတူ တစ်တန်းတည်းထားပြီး ဒုက္ခ ကြုံဆုံရခြင်းကိုလည်း အဆိုးပိုင်း လောကစံအဖြစ် သတ်မှတ်ကြရတာပါ။ တစ်ခါ အဲဒီ အခန်းပိုင်းမှာလည်း ခြုံလိုက်မယ် ဆိုရင် လာဘ်တိတ်ခြင်း၊ အခြွေအရံ ကင်းမဲ့ခြင်း၊ ကဲ့ရဲ့ ရှုတ်ချခံရခြင်း ဆိုတဲ့ ရှေးသုံးခုဟာ ဒုက္ခကြုံတွေ့ရခြင်း ဆိုရာမှာ ခြုံငုံဝင်ရောက်သွားတယ်လို့ ဆိုနိုင်မှာပါနော်။



mgyoe.com

mgyoe.com

SAMPLE BOOK

ဒါကြောင့် လောကဓံတရား ရှစ်ပါးကို ချုံ့လိုက်ရင် သုခ ချမ်းသာနှင့် ကြုံရခြင်း၊ ဒုက္ခနှင့် ကြုံရခြင်းဆိုတာ အချုပ်ပဲပေါ့။ အဲဒီအထဲမှာ ချမ်းသာသုခနှင့် ကြုံရတာက အဆိုးပိုင်းရယ်လို့ သာမန်အားဖြင့် သတ်မှတ် ယူဆခဲ့တယ်။

ဒါပေမဲ့ လောကမှာ 'ဆန့်ကျင်သယောင် ဖြစ်နေတဲ့ သစ္စာ စကား'တွေ ရှိတယ် သားငယ်။ ဥပမာ မြန်မြန်ရောက်ချင်ရင် ဖြတ်လမ်းကို သုံးသင့်တာပေါ့။ ဖြတ်လမ်း ဆိုတာက အခုမှ ကိုယ်က သုံးရမှာ ဆိုတော့ လမ်းခုလတ် အခက်အခဲတွေကို ကိုယ်က မသိထားဘူး၊ ဒီတော့ မမျှော်လင့်တဲ့ အခက်အခဲတွေ တွေ့ရရင် ကြန့်ကြာနိုင်တာမို့ ကိုယ် သွားနေကျ လမ်းဟောင်း လမ်းအိုကို သွားတာက ပိုပြီး စိတ်ချရတယ် ဆိုပြီး 'အလျင်လို လမ်းအိုလိုက်' ဆိုတဲ့ ဆိုရိုးစကား ဖြစ်ပေါ်လာတာပဲ။ အလျင် လည်း လိုသေးတယ်၊ လမ်းဟောင်း လမ်းရှည်ကိုလည်း သွားရ မယ် ဆိုတော့ ဆန့်ကျင်ဘက်စကား ဖြစ်နေတယ်။ ဒါပေမဲ့ ဒါ ဟာ အမှန်စကား ဖြစ်နေတယ်လေ။ အဲဒီလို ဆန့်ကျင်ဘက် ဖြစ်နေတဲ့ သစ္စာစကားတွေကို အင်္ဂလိပ်လို 'ပါရာဒေါ့က်စ်' *(paradox)* လို့ ခေါ်တယ်။

အဲဒီလိုပဲ၊ ဒုက္ခကြုံရခြင်း ဆိုတဲ့ အဆိုးသဘောဆောင်တဲ့ လောကဓံကိုလည်း ကမ္ဘာ့ပညာရှင် အများအပြားက ကောင်းတဲ့ အရာတစ်ခုလို ဆင်ခြင်သုံးသပ်ကြတယ် သားငယ်။

ဒါကြောင့် သားငယ်ဟာလည်း ဘဝမှာ ဒုက္ခ ကြုံရရင် စိတ်အားမငယ်ဘဲ အဲဒီ ဒုက္ခ ဆိုတာ မိမိအတွက် ကောင်းကျိုး


mgyoe.com

mgyoe.com
SAMPLE BOOK

ဖြစ်ထွန်းစရာပဲလို့ ဆင်ခြင်နိုင်အောင် အဘက ပြောပြချင်တယ်လေ။

ဗြိတိသျှ စာဆို မီလ်တန်က 'ဒုက္ခ အခံနိုင်ဆုံး လူဟာ အကောင်းဆုံး လုပ်ဆောင်နိုင်သူပဲ' လို့ ပြောခဲ့သတဲ့ သားငယ်။ ဒါ ဘာကိုပြသလဲ ဆိုတော့ ဒုက္ခကြုံရခြင်း ဆိုတာ ကာယကံရှင်ရဲ့ အရည်အသွေးကို ထက်မြက်အောင် လုပ်ပေးတဲ့ အရာသာ ဖြစ်တယ်လို့ ထောက်ပြခြင်း ဖြစ်ပေတယ် သားငယ်။

ကမ္ဘာပေါ်မှာ ကြီးမြတ်တဲ့ လူတော်တော်များများရဲ့ လက်ရာ လုပ်ငန်းတွေဟာ ကောင်းမွန်လှတယ်။ ဒါပေမဲ့ ဒီလူတွေဟာ အဲဒီလက်ရာတွေကို တာဝန် ဆိုတဲ့ စေ့ဆော်မှုနဲ့ အခက်အခဲပေါင်းများစွာ၊ ဒုက္ခပေါင်းများစွာ အကြားက လုပ်ဆောင်ခဲ့ရတာတွေချည်းပဲ။ တင်စားပြောဆိုရရင် သူတို့ဟာ ရေဆန်ကို ရုန်းကန်ကူးခတ်ခဲ့ရပြီး ကမ်းခြေကို ရောက်တော့ ခြေကုန် လက်ပန်းကျလို့ နောက်ဆုံးမှာ သေဆုံးကြရတယ်။ ဒါပေမဲ့ ဒီလူတွေရဲ့ လက်ရာ လုပ်ငန်းတွေကတော့ ထာဝရ မကွယ်မပျောက်ဘဲ သမိုင်းမှာ ထွန်းတောက်နေရတယ်လေ။

အဲဒီတော့ သားငယ် နားလည်ထားရမှာက လူတွေမှာ ရှိတဲ့ ကောင်းမွန် ထက်မြက်တဲ့ အရည်အချင်းတွေကို တိမ်မြုပ်အိပ်ပျော်မနေစေဘဲ တက်ကြွ ထင်ရှားလာအောင် ဖော်ထုတ်ပေးနိုင်တာက သက်သောင့်သက်သာ ဖြစ်မှုနဲ့ အဆင်ပြေမှုတွေ မဟုတ်ဘဲ ဘဝရဲ့ ပြဿနာတွေ၊ အခက်အခဲတွေကသာ ဖော်ထုတ်ပေးနိုင်တယ် ဆိုတာကို နားလည်ထားရမယ် သားငယ်။


mgyoe.com

mgyoe.com


တကယ်တော့ ဒုက္ခကြုံတွေ့ရမှုဟာ လူရဲ့ စာရိတ္တအတွက် မှတ်ကျောက်ပဲ။ လူတစ်ယောက်ဟာ မခိုးမဝှက်ပါဘူး ဆိုရင် သူ ဘယ်လိုလူလဲ ဆိုတာကိုပါ ထည့်သွင်းစဉ်းစားရမယ်။ သူဟာ ပြည့်စုံကုံလုံနေသူ ဖြစ်ရင်တောင် သူ မခိုးမဝှက်လို့ သူ့စာရိတ္တ စိတ်ချရပြီလို့ မဆိုနိုင်သေးပါဘူး။ သူဟာ မှီခိုသူ မိသားစုများစွာ နဲ့ မလုံလောက်၊ မဝရေစာ စားနေရသူဖြစ်ပြီး ခိုးရဝှက်ရမယ့် ပစ္စည်းကလည်း သိပ်ပြီး ခဲခဲယဉ်းယဉ်း မဟုတ်ဘူး ဆိုရင် သူ့ စာရိတ္တဟာ စိတ်ချရပါ့မလား။ ဒါကြောင့် ပညာရှင်တွေက ဒုက္ခ ကြုံရမှုဟာ အကျင့်စာရိတ္တရဲ့ မှတ်ကျောက်ပဲလို့ ဆိုကြတာ ဖြစ် တယ်။ ဘေးဒုက္ခ ကြုံတွေ့နေပါလျက်နဲ့ တည်ကြည် ဖြောင့်မတ် တဲ့ စာရိတ္တပိုင်ရှင်သာလျှင် အကြွင်းမဲ့ ချီးကျူးထိုက်တဲ့ ပုဂ္ဂိုလ်လို့ အဘကတော့ ပြောချင်တာပဲ သားငယ်။

တချို့သော ဆေးပင်ဝါးပင်ကလေးတွေဟာ သူ့တို့မှာ ရှိတဲ့ အချိုမြိန်ဆုံး အနံ့၊ အရသာ ထွက်ပေါ်လာဖို့အတွက် ဖိကြိတ် ချေမှုန်းပစ်ရတယ်။ အဲဒီ သဘောမျိုးပဲ သားငယ်။ လူ့သဘာဝ တချို့မှာလည်း ကောင်းမွန်တဲ့ အရည်အချင်းတွေ ပေါ်ထွက် လာဖို့အတွက် ဒုက္ခကြုံတွေ့ပေးရတယ်လေ။

အဲဒါကြောင့် ဘေးဒုက္ခ ဆိုတဲ့ ဘဝစာမေးပွဲတွေ (ဝါ) ဘဝ ရဲ့ စမ်းသပ်ချက်တွေဟာ လူရဲ့ ကောင်းတဲ့ အရည်အသွေးတွေ ကို ပေါ်လွင်လာစေတယ်။ သူ့ဘာသာ သူ ဆိုရင် သတိမထားမိ အောင် တိမ်မြုပ်နေမယ့် ဂုဏ်ကျက်သရေတွေကို ထင်ရှားစေ လာတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

တချို့လူတွေဟာ ဆိုရင် အသုံးမကျတဲ့ လူ၊ ဘဝမှာ ရည်ရွယ်ချက် ကင်းမဲ့နေတဲ့ လူလို့ ထင်ရပေမယ့် အဲဒီလူတွေဟာ အခက်အခဲနဲ့ ကြုံတွေ့လာရပြီ ဆိုရင်ဖြစ်ဖြစ်၊ တာဝန်ရှိလာရင် ဖြစ်ဖြစ် မမျှော်လင့်နိုင်လောက်အောင် စွမ်းပကား ရှိသူတွေ ဖြစ်လာကြတယ်။

လောကမှာ အဆိုး မဖြစ်နိုင်ဘူး ဆိုတဲ့ ကံကောင်းခြင်းဟာ မရှိဘူး သားငယ်။ အဘ ဆိုလိုတာက ကံကောင်းမှုနဲ့ ကြုံရတာ အဆိုးဖြစ်သွားစရာတွေ ရှိတယ်လို့ ပြောတာ။ ဥပမာ - ထီပေါက် တာ ကံကောင်းတယ် ဆိုပါတော့။ အဲဒီလို ငွေတွေ ရုတ်တရက် အများကြီး ရလိုက်လို့ မသင့်တော်တာတွေ သုံးစွဲမိတော့ ဆိုးကျိုး တွေ ခံစားရတယ်။ အဲဒါမျိုးကို အဆိုးဖြစ်သွားတဲ့ ကံကောင်း ခြင်းမျိုးလို့ အဘက ခေါ်ချင်ပါတယ်။

အဲ ... အဲဒီလို အဆိုး မဖြစ်နိုင်ပါဘူး ဆိုတဲ့ ကံကောင်းခြင်း မရှိနိုင်သလို ကံကောင်းခြင်း မဖြစ်နိုင်တဲ့ ဒုက္ခကြုံတွေ့ရမှု ဆို တာလည်း မရှိပါဘူး သားငယ်။ အဘ ပြောတာ နားလည်လား။ မင်း ကြုံတွေ့နေတဲ့ ဒုက္ခဖြစ်နေမှုကို အားတင်း ရင်ဆိုင်ပြီး လိမ်လိမ်မာမာ အသုံးချသွားတတ်ရင် အဲဒီ ဒုက္ခကြောင့် ကံ ကောင်းခြင်း ဖြစ်လာတာ သားငယ် တွေ့ရမှာပါ။

တို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတွေအတွက် သံသရာ လည်ရမှာကို ကြောက်ရွံ့တာကို သိပ်လိုလားတယ်။ အဲဒါကို သံဝေဂ ရတယ်လို့ ခေါ်တယ်။ တို့အတွက် သံဝေဂ များများ ရတာ ကံကောင်းခြင်း ဖြစ်တယ်။


mgyoe.com

mgyoe.com


ဟော ... ဆိုရိုးစကားက ဘာတဲ့လဲ။ 'ဆင်းရဲလေလေ သံဝေဂ ရလေလေ' တဲ့။

ကဲ ... ဒီလိုဆိုတော့လည်း ဆင်းရဲတယ် ဆိုတဲ့ ဒုက္ခကြုံတွေ့ရမှုဟာ သံဝေဂ ရတယ် ဆိုတဲ့ ကံကောင်းမှုကို ဖြစ်စေတယ်လို့ ဆိုရမှာပေါ့နော်။

တကယ်တော့ သားငယ်၊ လူ့ဘဝမှာ လူ လာဖြစ်ရတာ သင်ခန်းစာတွေ၊ ပညာတွေ ရရှိဖို့ပဲလေ။ အပြည့်အစုံ ပြောရရင် သံသရာမှာ လည်ရင်း ဘဝတစ်ခုစီ တစ်ခုစီမှာ သီလ၊ သမာဓိ၊ ပညာတွေကို ရင့်ကျက်အောင် ဆည်းပူးရမှာ ဖြစ်တယ်။

သက်သောင့်သက်သာနဲ့ ချမ်းချမ်းသာသာ ဖြစ်နေရတဲ့ အခြေအနေမှာ သီလ၊ သမာဓိ၊ ပညာတွေကို ဆည်းပူးနိုင်ဖို့ ခဲယဉ်းတယ် သားငယ်။ ဘဝဟာ ငြိမ့်ညောင်း သာယာနေရင် လူဟာ သီလ၊ သမာဓိ၊ ပညာတွေရဲ့ ဆန့်ကျင်ဘက် လမ်းကို လိုက်မှားမိတတ်တာချည်းပဲ။

အခက်အခဲနဲ့ ကြုံရခြင်း၊ မအောင်မမြင် ဖြစ်ရခြင်း ဆိုတဲ့ အခြေအနေမျိုးကတောင်မှ ကိုယ့်အတွက် ဆရာသမားကောင်းတွေ ဖြစ်တတ်တယ်လို့ ဆင်မျှူယယ် စမိုင်းစ် ဆိုတဲ့ စာရေးဆရာ ရေးထားတာ အဘ ဖတ်ရဖူးတယ်။ သူ့စကားက သိပ်မှန်လို့ အဘ ကိုးကား ပြောဆိုလိုက်ရတာပါ။

တကယ်တော့ သားငယ်အတွက် အရေးကြီးတာက အခိုက်အတန့်အားဖြင့် ကိုယ် ကြုံတွေ့နေရတဲ့ အခြေအနေကို ကိုယ့်အတွက် အကျိုးရှိရှိ အသုံးချတတ်ဖို့ပဲ ဖြစ်တယ်။ ဥပမာ- မိုးရွာ


mgyoe.com

mgyoe.com

SAMPLE BOOK

ချလိုက်လို့ ရပ်စောင့်ရတာနဲ့ ကြုံပါစေ။ အဲဒီအချိန်ကာလမှာ ကျက်ထားတာ ပြန်အံမယ်၊ တွေးတောစရာ တွေးတောမယ်၊ ဘုရားစာ ရွတ်ဆိုမယ် ဆိုရင် မိုးရွာချတာကပဲ ကံကောင်းတယ် ဆိုရမှာပေါ့နော်။

ဒုက္ခကြုံရမှုနဲ့ ပတ်သက်လို့ ပြောစရာများတယ် သားငယ်။ နောက်မှ ဆက်သေးတာပေါ့။


mgyoe.com

mgyoe.com SAMPLE BOOK

# အောင်မြင်မှု အခွင့်အလမ်း

သားငယ် ...

မင်းတို့လို လူငယ်တွေ ဘဝမှာ အဖိုးတန် အရည်အသွေး တစ်ခု ရှိတယ်။ အဲဒါ ဘာလဲ ဆိုတော့ စိတ်အားထက်သန်မှု ဆိုတဲ့ အရည်အသွေးပဲ။ ဘဝအတွက် သိပ်ပြီး အရေးကြီးတဲ့ အရာပဲ။ လှုပ်ရှားမှုအတွက် တွန်းအား ပေးနိုင်တဲ့ အရာ ဖြစ်တယ်။ သားငယ်ဟာ ကိုယ်ရောစိတ်ပါ ကျန်းမာရေးနဲ့ ပြည့်စုံတဲ့ လူငယ်သာ မှန်ရင် စိတ်အားထက်သန်မှု ဆိုတာ ရှိရမှာပဲ။ ဒီအရည်အသွေးဟာ အချိန် ကြာညောင်းလာတာနဲ့အမျှ အသက်ကြီးရင့်လာလေလေ အားနည်း မှေးမှိန်လာလေလေ ဖြစ်ရစမြဲပဲ။ ငယ်စဉ်က ဘယ်လောက်ပဲ စိတ်အားထက်သန်မှု တရှိန်ရှိန် တက်ခဲ့ပေမယ့် ကြီးရင့်လာတာနဲ့အမျှ လျော့ပါးအား နည်းလာရတာ ဓမ္မတာပဲလေ။

လူငယ်တွေအတွက်တော့ အဲဒီ စိတ်အားထက်သန်မှု ဆို တာ အကျင့်စာရိတ္တအတွက် သိပ်ပြီး အထောက်အကူပေးပါ



mgyoe.com

mgyoe.com


တယ်။ အဲဒီ စိတ်အားထက်သန်မှုကို မှန်ကန်တဲ့ ဦးတည်ချက်ဆီကိုသာ ထိန်းပေးရမှာ ဖြစ်တယ်။ ဖိနှိပ် ဖျောက်ဖျက်ပစ်ရမှာ မဟုတ်ဘူး။

အကောင်းဆုံး ဖြစ်တဲ့ စိတ်အားထက်သန်မှုဟာ ပညာကို ရယူဖို့ မျှော်လင့်ချက်ဆီ ဦးတည်တဲ့ စိတ်အားထက်သန်မှုပဲ။ ပညာ ဆိုရာမှာလည်း အကြမ်းဖျင်းအားဖြင့် နှစ်မျိုး ရှိတယ် ဆိုတာ သားငယ် သိပြီး ဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ အဘ ထပ်ပြီး ပြောပါရစေ။

ပထမ ပညာအမျိုးအစားက အသုံးချဖို့ ပညာ ဆိုပါတော့။ အတန်းကျောင်းမှာ သင်ယူရတဲ့ ပညာမျိုးပေါ့ကွယ်။ ဒီပညာက အသက်မွေးဝမ်းကျောင်းအတွက် အထောက်အကူပြုတဲ့ ပညာမျိုးပဲ။ အတန်းကျောင်းအပြင် တခြား တခြားသော ပန်းချီ၊ ပန်းပု၊ အနုပညာတွေ အားလုံး ပါဝင်သပေါ့ကွယ်။ ဒီပညာကို အသုံးချပြီး ရင်းနှီးစားဖို့အတွက်ပေါ့။ ရှေးစကားနဲ့ ခေါ်ရရင် 'သိပ္ပ' ဆိုတဲ့ အတတ်မျိုးပေါ့။ ဒါမျိုးဟာ သားငယ် ဘယ်အဆင့်လောက် တတ်ထားတယ် ဆိုတာ သိရရင် ပိုပြီး အသုံးဝင်မှာမို့ တစ်စုံတစ်ခုသော လက်မှတ်ကိုတော့ သားငယ် ရထားဖို့ လိုမယ် ပေါ့ကွယ်။ အဲဒီပညာက ရင်းနှီးလုပ်ကိုင်စားရမယ့် ပညာပေကိုး။

ဒုတိယ ပညာတစ်မျိုးကတော့ သားငယ်အနေနဲ့ ပိုမိုပြီး သိနားလည်ချင်လို့ ဆည်းပူးတဲ့ ပညာ။ အသိဉာဏ်ကို ကျယ်ပြန့်နိုင်သလောက် ကျယ်ပြန့်အောင် ချဲ့ပေးတဲ့ ပညာပဲ။ ဒါမျိုးကတော့ သားငယ် ကိုယ်နှိုက်က လိုချင်လွန်းလို့ ဆည်းပူးတဲ့ ပညာ


mgyoe.com

mgyoe.com 

ပဲ။ ဒီပညာကို ရင်းနှီးပြီးတော့ ဝင်ငွေရှာလို့ ရချင်မှရမယ်။ ပြီးတော့ သားငယ်ဟာ ဘယ်အဆင့်လောက် တတ်သိနေပါတယ် ဆိုတာကိုလည်း သူများမပြောနဲ့ သားငယ်ဘာသာ သားငယ်တောင် မသိနိုင်ဘူး။ ဒါကြောင့် ဒီပညာမျိုးအတွက် ထောက်ခံချက် လက်မှတ် တစ်စုံတစ်ရာ သားမှာ မရှိနိုင်ဘူး။ အဲဒါဟာ ရှေးစကားနဲ့ ခေါ်ရရင် 'ပညာ' ဆိုတဲ့ အရာပဲ ဖြစ်တယ်။

အဲဒီ ပညာ နှစ်မျိုးမှာ ဘယ်ပညာမျိုးကို ရဖို့အတွက်ပဲ ဖြစ်ဖြစ် သားငယ်မှာ စိတ်အားသန်မှု ဆိုတာ ကနဦးက ရှိထားရမယ်လေ။ ဒါကြောင့် လူငယ်တို့ရဲ့ ဘဝမှာသာ ရရှိနိုင်ပြီး အဖိုးတန်ဆုံး အရာတစ်ခုဖြစ်တဲ့ စိတ်အားထက်သန်မှုကို သားငယ်ဟာ အလွဲသုံးစား မပြုလုပ်သင့်ဘူး။ ပြီးတော့ အားကောင်းနေအောင် ထိန်းသိမ်း စောင့်ရှောက်ထားရမယ် သားငယ်။

လူငယ်အချိန် ဆိုတာ ဘဝတစ်ခုလုံးရဲ့ အရာရာ မျိုးစေ့ ချနိုင်တဲ့ အချိန်ကာလပဲ ဖြစ်တယ်။ လူလတ်ပိုင်း ဆိုတာ အဲဒီ မျိုးစေ့တွေ အသီးအပွင့် ဖြစ်လာတဲ့ အချိန်ပဲ။ သက်ကြီးပိုင်း ဆိုတာ အဲဒီ အသီးအပွင့်တွေကို မှီဝဲစားသုံးတဲ့ အပိုင်းပဲ။

ဒီတော့ လူငယ်ဖြစ်နေခိုက်မှာ မကောင်းတဲ့ မျိုးစေ့တွေကို ချခဲ့ရင် သက်ကြီးပိုင်းကျရင် မကောင်းတာကိုပဲ မှီဝဲရမယ်။ ဒါက တစ်ကိုယ်ချင်း ပြောတာနော်။ လူဟာ ဘာကိုပဲလုပ်လုပ် ကိုယ့်တစ်ကိုယ်ချင်းသာမက လူ့အဖွဲ့အစည်းကိုလည်း တစ်တပ်တစ်အားအနေနဲ့ အကျိုးသက်ရောက်စေတာပဲ။ ဒီတော့ သား


mgyoe.com